# ခွေးရူးပြန်ရောဂါကို မည်သို့ ကြိုတင်ကာကွယ်နိုင်သနည်း။

**ခွေးရူးပြန်ကာကွယ်ဆေးထိုးနှံခြင်း**

➤ ခွေးကိုက်ခံရပါက ခွေးရူးပြန်ရောဂါ မဖြစ်စေရန် တစ်ခုတည်းသော ကာကွယ်ရန် နည်းလမ်းမှာ ခွေးရူးပြန်ကာကွယ်ဆေး အချိန်မီထိုးနှံရန် ဖြစ်ပါသည်။



➤ အိမ်မွေးခွေးနှင့်ကြောင်များအား တိရစ္ဆာန်ဆေးကုဆရာဝန်၏ ညွှန်ကြားချက်အတိုင်း ခွေးရူးပြန်ကာကွယ်ဆေး ထိုးနှံပေးခြင်း။

➤ ခွေး၊ ကြောင် တိရစ္ဆာန်များနှင့် အနီးကပ် ကိုင်တွယ်သူများအား ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်း။





**ခွေးရူးပြန်ရောဂါဖြစ်ပွားပါက ရာနှုန်းပြည့် သေဆုံးနိုင်ပါသည်။ သို့သော် အချိန်မီကာကွယ်ဆေးထိုးခြင်းဖြင့် ခွေးရူးပြန်ရောဂါ ဖြစ်ပွားမှုအား ကာကွယ်နိုင်သည်။ ခွေးရူးပြန်ရောဂါ ကာကွယ်နှိမ်နင်းရေးသည် လူတိုင်း၏ တာဝန်ဖြစ်သည်။**


ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

ပြည်သူ့ကျန်းမာရေးဦးစီးဌာန

ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ

ဖုန်း - ၀၆၇-၄၃၁၄၃၂၊ ၀၆၇-၄၃၁၄၃၃

ဖက်စ် - ၀၆၇-၄၃၁၄၃၄



World Health Organization
Country Office for Myanmar


# ခွေးရူးပြန်ရောဂါ သတိပေးနှိုးဆော်ချက်



**ခွေးရူးပြန်ရောဂါဖြစ်ပါက**

**အသက်ဆုံးနိုင်သည်။**

**ခွေးကိုက်ခံရပါက ခွေးရူးပြန်ရောဂါ မဖြစ်အောင် ခွေးရူးပြန် ကာကွယ်ဆေး ချက်ချင်းထိုးပါ**

**ခွေးရူးပြန်ရောဂါဆိုသည်မှာ**

◆ ခွေးရူးပြန်ရောဂါ ဖြစ်စေသော ဗိုင်းရပ်စ်ပိုး တစ်မျိုးကြောင့် ဖြစ်ပွားပြီး ရာနှုန်းပြည့် သေဆုံးနိုင်သော ရောဂါဆိုးဖြစ်ပါသည်။

◆ အဓိကအားဖြင့် ခွေးနှင့် ကြောင်များ ကိုက်ခြင်း၊ ကုတ်ခြင်းမှ လူများသို့ ကူးစက်နိုင်သည်။


ဒီဇင်ဘာ၊ ၂၀၁၆

## ခွေးရူးပြန်ရောဂါဖြစ်ပွားနေသည့် တိရစ္ဆာန်အား မည်သို့ ခွဲခြားရမည်နည်း။



ခွေးရူးပြန်ရောဂါဖြစ်ပွားနေသည့် တိရစ္ဆာန်အား မည်သို့ ခွဲခြားရမည်နည်း။

ခွေးရူးပြန်ရောဂါဖြစ်ပွားနေသော တိရစ္ဆာန်သည် -

- ♦ ဒေါသအလွန်ကြီးပြီး ရန်စမှုမရှိဘဲ ကိုက်တတ်ခြင်း၊
- ♦ တုတ်ချောင်း၊ အမှိုက်စ၊ စက္ကူစတို့အား စားခြင်း။
- ♦ အသံအက်ဖြင့် ဟောင်ခြင်း၊ အော်ခြင်း၊ သွားရည်တစီစီကျခြင်း၊ အမြီးကုတ်ခြင်း စသည့် လက္ခဏာများ တွေ့နိုင်ပါသည်။

## မည်သူတို့ ခွေးရူးပြန်ရောဂါ ဖြစ်နိုင်သလဲ

လူတိုင်းဖြစ်နိုင်ပါသည်။ အထူးသဖြင့် ခွေး၊ ကြောင်များနှင့် အနီးကပ်ထိတွေ့သူများ၊ ခွေးဖမ်းသူများ၊ ခွေး၊ ကြောင်စသော တိရစ္ဆာန်အကိုက်ခံရသူများတွင် ပိုမိုဖြစ်ပွားနိုင်ပါသည်။

## မည်သည့်တိရစ္ဆာန်များမှ ခွေးရူးပြန်ရောဂါ ကူးစက်နိုင်သလဲ။

ခွေးကြောင်တို့မှ အဓိကကူးစက်ပြီး ခွေးအ၊ ဝံပုလွေစသည့် တောရိုင်းတိရစ္ဆာန်များနှင့် အခြားနို့တိုက်သတ္တဝါများမှ တစ်ဆင့်လည်း ကူးစက်နိုင်ပါသည်။



**ခွေးရူးပြန်ရောဂါလက္ခဏာများ -**

လူတွင် ခွေးရူးပြန်ရောဂါ ဖြစ်ပွားပါက ခွေးကိုက်ခံရသော ရာဇဝင်နှင့် အောက်ပါရောဂါလက္ခဏာများကို တွေ့ရှိရနိုင်ပါသည်။

- ➢ ဦးစွာ ရောဂါဖြစ်ပွားသည့်အနာမှ နာခြင်း၊ ယားခြင်း၊
- ➢ ရေကြောက်ခြင်း
- ➢ ရေနှင့်အစာမျိုရခက်ခဲခြင်း
- ➢ ဂနာမငြိမ်ဖြစ်ခြင်း
- ➢ သွားရည်တစီစီကျခြင်း
- ➢ တက်ခြင်း
- ➢ အသက်ဆုံးရှုံးခြင်း

## ခွေးရူးပြန်ရောဂါမည်သို့ ရရှိနိုင်သလဲ။

- ♦ ခွေးရူးပြန်ရောဂါပိုးရှိသည့် ခွေး၊ ကြောင် အစရှိသည့် တိရစ္ဆာန်များ ကုတ်ခြင်း၊ ကိုက်ခြင်း။
- ♦ ခွေးရူးပြန်ရောဂါရှိသည့် တိရစ္ဆာန်များ၏ သွား ရည်နှင့် မိမိတွင်ရှိသည့် အနာနှင့် ဒဏ်ရာများနှင့် ထိမိခြင်း။
- ♦ ခွေးရူးပြန်ရောဂါဖြင့် သေဆုံးသူထံမှရရှိသည့် မျက်ကြည်လွှာအား အစားထိုးကုသမှုခံယူခြင်း။

## ခွေးကိုက်ခံရပါက ခွေးရူးပြန်ရောဂါ မဖြစ်အောင်မည်သို့ ကာကွယ်နိုင်သနည်း။



- ♦ ခွေးကိုက်ခံရပါက ဒဏ်ရာအား ဆပ်ပြာ၊ ရေတို့ဖြင့် အနည်းဆုံး (၁၅) မိနစ်ကြာ ဆေးပါ။
- ♦ အနာအား ပိုးသတ်ဆေးရည်ထည့်ပါ။
- ♦ ဦးခေါင်း လည်ပင်းနှင့် လက်ချောင်းထိပ်တို့တွင် အကိုက်ခံရပါက ပိုမိုဂရုစိုက်၍ အရေးပေါ် ချက်ချင်း ကုသမှုခံယူရန် လိုအပ်ပါသည်။